သုံးဦးသောသူသည် အပြစ်အကုသိုလ်ရေးမှတ်ခြင်းမခံရပေ။ (၁)အိပ်ပျော်နေသူသည်အိပ်ရာမှနိုးလာသည်အထိ၊

(၂)အရွယ်မရောက်သေးသောသူသည်အရွယ်ရောက်လာသည်အထိ၊

(၃)ရူးသွပ်နေသူသည်အသိညဏ်ကောင်းလာသည်အထိဖြစ်သည်။

အလီ (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ သုံးဦးသောသူသည်
အပြစ်အကုသိုလ်ရေးမှတ်ခြင်းမခံရပေ။ (၁)အိပ်ပျော်နေသူသည်အိပ်ရာမှနိုးလာသည်အထိ၊
(၂)အရွယ်မရောက်သေးသောသူသည်အရွယ်ရောက်လာသည်အထိ၊ (၃)ရူးသွပ်နေသူသည်အသိညဏ်ကောင်းလာသည်အထိဖြစ်သည်။ [صحيح] [رواه أبو داود والترمذي والنسائي في الكبرى وابن ماجه وأحمد]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်မှာ - လူသားများအဖို့အမိန့်တော်များကိုလိုက်နာရန် တာဝန်ရှိသည်။ သို့ရာတွင် အောက်ပါ လူသုံးမျိုးမှအပ - ၁။ကလေးငယ် - ၎င်းသည် ကြီးပြင်း ရင့်ကျက်လာသည်အထိ။ ၂။အသိစိတ် ကင်းမဲ့သော စိတ်မနှံ့သူ - ၎င်းသည် အသိစိတ် ပြန်လည်ရရှိသည်အထိ။ ၃။အိပ်ပျော်နေသူ - ၎င်းသည် နိုးလာသည်အထိ။ဤလူသုံးမျိုးထံမှ (ရှရီအသ်အမိန့်ပညတ်ချက်များကိုလိုက်နာရမည့်) တာဝန်ကိုရုပ်သိမ်းထားပြီး၊ သူတို့ကျူးလွန်သော အပြစ်များကို မှတ်တမ်းတင်ခြင်းမပြုပါ။သို့ရာတွင် အရွယ်မရောက်သေးသည့် ကလေးငယ်၏ ကောင်းမှုကုသိုလ်များကိုမူ သူ့အတွက်ရေးသားမှတ်တမ်းတင်ခြင်းခံရသည်။ စိတ်ရောဂါရှင်နှင့် အိပ်ပျော်နေသူတို့၏ (ကောင်းမှုကုသိုလ်များကိုမူ) ရေးသားမှတ်တမ်းတင်ခြင်းမခံရ‌ပေ။ အဘယ့်ကြောင့်ဆိုသော်ထိုသူနှစ်ဦးသည် ဉာဏ်သဘောနှင့် ဆင်ခြင်နိုင်စွမ်း မရှိသဖြင့် မှန်ကန်စွာအိဗာဒသ်ခဝပ်ကိုးကွယ်မှုပြုနိုင်သည့်အခြေအနေတွင်မရှိသောကြောင့်ဖြစ်သည်။

https://sunnah.global/hadeeth/my/show/58148